တိုင်ကျိုးကျေးရွာ
ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တိုင်ကျိုးကျေးရွာ၊ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

## မာ တိ ကာ


စကားချီး

တိုင်ကျိုးကျေးရွာသယံဇာတပြမြေပုံ၊ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်အစီအစဉ်

(၁) **နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

(၃) **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ် စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်သောအခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

(ခ ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

(၇) **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက် အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

(၈) **ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ**

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) **လူမှုစီးပွားရေးအခြေအနေ**

ဇယား (၁)  လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၂)  လုပ်သားအင်အားနှင့်ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား (၃)  **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၄)  ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၅)  ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းမြစ်များ

ဇယား (၆)  ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၇)  ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား(၈)ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေ အနေ

ဇယား (၉)  ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၁၀)  ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား (၁၁)  ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၂)  ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၃)  ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၄)  ကျေးရွာ၏ ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ

ဇယား (၁၅)  အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၆)  ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား (၁၇)  သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၈)  သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၉)  မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၂၀)  မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့် အလမ်းများ

ဇယား (၂၁)  မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၂)  စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့် အလမ်းပြဿနာနှင့်အခက်အခဲများ
ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား (၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၃၀) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက် မှုနှုန်း
ဇယား (၃၁) ကျောင်းတက်နှုန်း
ဇယား (၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား (၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား (၃၄) အဖြစ်များသော ရောဂါများ
ဇယား (၃၅) လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား (၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား (၃၈) အိမ်သာအမျိုးအစား
ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား (၄၀) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာအခြေအနေ
ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအားလက် လှမ်းမီမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ စီမံချက်အထိ)ကိုးကားစာရင်း**

**နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ် ကြားအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်လက်တို့၏ အရေးပါမှုကို သိရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောက်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်ချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>တိုင်ကျိုးကျေးရွာ<br>ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

# တိုင်ကျိုးကျေးရွာ လူမှုရေး၊ သယံဇာတ နှင့် အရင်းမြစ်မြေပုံ



## အပိုင်း (က)
## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့ အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်း များ၏အာရုံ

စိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက် အလက်များပိုမိုသိရှိ လာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့ အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက် လူထု၏ တိကျသောလိုအပ်ချက်များ အားသိရှိ လာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။ နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်း သို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။ လူထုဦးဆောင် ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား နှင့်သဘာဝအရင်းအမြစ်များ**

တိုင်ကျိုးကျေးရွာသည် ရခိုင်ပြည်နယ်၏တောင်ဘက် အဆုံးမြို့နယ်ဖြစ်သော ဂွမြို့နယ်တွင်ပါဝင်သော ရွာကြီးတစ်ရွာဖြစ်ပါသည်။ ဂွမြို့သို့ (၂၄) မိုင်ဝေးပြီး မြောက်ဘက်ရှိ သံတွဲမြို့သို့ (၅၀)မိုင် ကွာဝေးပါသည်။ ရွာ၏အရှည်မိုင်မှာ (၂မိုင်၄ဖာလုံ) ရှိပြီး ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့ ဆက်သွယ်ထားသော လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။

ရွာ၏အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်ဆွယ်များနှင့် လယ်ကွင်းများ၊ အနောက်ဘက်တွင်အပြာရောင်လွှမ်းနေသော ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ရွာဦးကျက်သရေဆောင် ပုဂံတောင်စေတီတော်၊ မြောက်ဘက်တွင် သက်တမ်းအလွန်ကြာမြင့်ပြီး လုံးပတ်(၃၀)ပေ၊ အမြင့် (၁၅၀) ခန့်ရှိ တောင်ပိန္နဲပင်ကြီး ထူးခြားစွာရှိနေပါသည်။ ရိုးမတောင်ဆွယ်များ၊ လယ်ကွင်းများမှ အဖျားခံကာ စီးဆင်းလာသော ချောင်းငယ်၊ချောင်းတိုတို့သည် ရွာကိုဖြတ်၍တစ်မျိုး၊ ဘေးမှဖြတ်၍ တစ်ဖုံ ပင်လယ်ထဲသို့ စီးဆင်းနေပါသည်။

ရခိုင်ပြည်နယ်တွင်တည်ရှိပြီး ဘင်္ဂလားပင်လယ်အော်ကမ်းခြေရွာ ဖြစ်သောကြောင့် မိုးအလွန်ကောင်းခြင်း၊ ရာသီဥတုမျှတခြင်းကြောင့် စိုက်ပျိုးရေးကိုကောင်းမွန်စေသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး ရွာတွင်းခြံများတွင် သီးအုန်းများ စိုက်ပျိုးကြသည်။ ကမ်းခြေဒေသဖြစ်သောကြောင့် ငါးပိ၊ ငါးခြောက်စသော ရေထွက်ပစ္စည်းများကိုရနိုင်ပါသည်။ ချောင်းငယ်များမှ လမ်းခင်းကျောက်များ၊ သဲများကိုရနိုင်ပြီး မိုးဦးနှင့်မိုးနှောင်းကာလများတွင် မုန်တိုင်းများ ရံဖန်ရံခါကျရောက်တတ်သည်။

ကျေးရွာသည် ကမ်းခြေရွာဖြစ်သည့်အတွက် ဖြူဖွေးသောသဲသောင်မြေကို လခြမ်းကွေးသဖွယ် ပိုင်ဆိုင်ထားပြီး ရွာ၏ တောင်ဘက်နှင့်မြောက်ဘက်ကမ်းခြေတွင် သန္တာကျောက်တန်း များလည်းရှိသည်။ စိမ်းညို့နေသောအုန်းတောများ၊ ဖြူဖွေးနေသောသဲသောင်ပြင်၊ ကြည်ပြာနေသော ပင်လယ်ပြင် ဖြူဖွေးသော သဲသောင်မြေကို လခြမ်းကွေးသဖွယ် ပိုင်ဆိုင်ထားပြီး ရွာ၏ တောင်ဘက်နှင့် မြောက်ဘက်ကမ်းခြေတွင် သန္တာကျောက်တန်းများလည်းရှိသည်။ စိမ်းညို့နေသော အုန်းတောများ၊ ဖြူဖွေးနေသော သဲသောင်ပြင်၊ ကြည်ပြာနေသောပင်လယ်ပြင်စသည့် အလှတရားများ ပိုင်ဆိုင်ထားသောကြောင့် ကျွန်တော်တို့ရွာကို (ရွှေကမ်းသာရွာ) ဟုပင်တင်စားလိုက်ချင်သည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၆၃၉) စုနှင့်ကျား (၁၁၄၄)၊ မ(၁၂၁၆) ဦးဖြင့်လူဦးရေပေါင်း (၂၃၆၀) ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ရခိုင် လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏

(၆၇.၂၈%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ် ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၆၈.၈၅%)သည် ဆင်းရဲနှင့် အလွန် အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး (၃.၀၉%) ချမ်းသာသည့်အဆင့်၊ (၂၇.၅၄%) သည် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် မြေယာ ပိုင်ဆိုင်မှု၊ ကျွဲနွားများ၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုတို့အပြင် အစိုးရ ဝန်ထမ်းများလည်း ရှိသောကြောင့် ကျေးရွာ၏စီးပွားရေးမှာ အသင့်အတင့်ရှိသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ လက်လီလက်ကား၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ တနိုင်တပိုင်မွေးမြူရေးစသော လုပ်ငန်းများနှင့် အလုပ်အကိုင်ရှာဖွေ ရရှိနိုင်ကြသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၂၀၀၀၀၀/– ကျပ်မှ (၇၀) သိန်း ကျပ်ထိတင်ရှိနေကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပြီးအာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေး နှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ သို့ရာတွင် တိုင်ကျိုးကျေးရွာသည် အခြေခံအားဖြင့် (၆၃၉) အိမ်၊ လူဦးရေ (၂၃၆၀) ဦးရှိသော်လည်း ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် သားဖွားဆရာမတစ်ဦးသာ လာရောက်မှုရှိနေပါသည်။ ကျေးရွာနှင့် (၄မိုင်)မျှ ကွာဝေးသော ဆပ်သွားကျေးရွာတွင် တိုက်နယ်ဆေးရုံ ရှိသောကြောင့် ထိုသို့သွားရောက်ကုသကြရပါသည်။ သို့ပါသော်လည်း တိုင်ကျိုး ကျေးရွာသည် ရွာကြီးတစ်ရွာဖြစ်သောကြောင့် ကျေးလက်ဆေးပေးခန်း ဆောက်လုပ် ပေးရန် လိုအပ်လျှက်ရှိနေပါသည်။ မြေနေရာလည်းရှိပါသောကြောင့် ဆောက်လုပ် ပေးပါက ကျေးရွာ၏ကျန်းမာရေးအခြေအနေတိုးတက် ကောင်းမွန်လာနိုင်ပေမည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဆယ်တန်းအောင်နှင့်ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားပါသည်။ ကျေးရွာတွင် အခြေခံပညာကို ကျေးရွာရှိ မူလတန်းကျောင်း (၃) ကျောင်း၊ အလယ်တန်း၊ အထက်တန်းကျောင်းခွဲတို့တွင် သင်ကြားနိုင်ပါသည်။ အထက်တန်းကျောင်းခွဲအား အစိုးရအထက်တန်းကျောင်းအဖြစ် ပြောင်းလဲပေးမည်ဆိုပါက ကျေးရွာ၏ ပညာရေး ပိုမိုတိုးတက်လာနိုင်ပေမည်။၎င်းအပြင် မူလတန်းကျောင်းများတွင်လည်း သင်ထောက်ကူပစ္စည်း လုံလုံလောက်လောက်ဖြင့် ပညာရေးဝန်ထမ်းများ သေချာစနစ်တကျဖြင့် သင်ကြားနိုင်ပါကလည်း ကျွန်တော်တို့ ကျေးရွာတွင်သာမက ထိုကျောင်းအား လာရောက်တက်ရောက်သင်ကြားနေသော အခြားရွာများမှကလေးငယ်များ၏ ပညာရေးကိုပါ တိုးတက်ကောင်းမွန်လာနိုင်မည် ဖြစ်ပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမို ရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီ သော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ ယခင်ကအလွန်လျော့နည်းသော်လည်း ယခုအခါပါဝင်မှု ရှိလာစပြုနေပြီ ဖြစ်ပါသည်။ ကျား/မရေးရာ ညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို အမျိုးသမီးများသာမက အမျိုးသားများကိုပါ ပေးသင့်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၂) ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွါးရေးဆိုင်ရာ (၁) ဖွဲ့တို့ရှိသည်။ ဂေါပကအဖွဲ့သည် ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများကိုလုပ်ကိုင် နေပါသည်။ မြန်မာ့အသေးစား ငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို အသင်းဝင်ကျေးရွာရှိ အမျိုးသမီးများဖြင့် လည်ပတ်ဆောင်ရွက်လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ

သဘောတရားတို့နှင့်ပါတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်း ဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံ အုပ်ချုပ်မှုပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအဖြစ် စပါးနှင့် မြေပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၀၅၇.၁၄)ဧကရှိပြီး သီးထပ်အဖြစ် မြေပဲ(၄၂၂) ဧကစိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ (၄၀) တင်း၊ ဆောင်းမြေပဲ (၂၀) တင်းနှုန်းတို့ ထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးဘဏ်မှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် ခိုင်းနွားနှင့်အလုပ်သမား မလုံလောက်မှု ပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှု နှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင်ရတတ်သည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၇၀% ဝန်းကျင်သာရှိပြီး ဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၉၀% ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှငွေချေးသူများထံမှ ချေးငှါးလျှင်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း အနည်းငယ်ရှိပါသည်။ ၎င်းတို့မှာ အုန်းသားဖုတ်ခြင်း၊ တံပျက်စည်းထိုးခြင်း၊ နွားတိုင်ကြိုးကျစ်ခြင်း၊ ခြေသုတ်ခုံ လုပ်ခြင်းစသော လုပ်ငန်းများဖြစ်သော်လည်း ဝင်ငွေရနည်း၍ တွက်ချေမကိုက်ပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု များ၊ ဈေးရောင်း၊ ခေါင်းရွက် ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ် များမှာ ရေလုပ်ငန်းများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ် အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာ၏အရှေ့ဘက်တွင် လယ်ကွင်းများနှင့် ဆက်စပ်လျှက် အမြဲစိမ်းတော များပေါက်ရောက်သည့် တောင်ကုန်းတောင်တန်းများရှိပါသည်။ ယခင်က ၎င်းတောင် ပေါ်တွင် သစ်ပင်ကြီးများပေများစွာပေါက်ရောက်ခဲ့သော်လည်း ယခုအချိန်တွင် မရှိတော့ပါ။ ထိုသို့ဖြစ်ရခြင်းမှာ ထိန်းသိမ်းစိုက်ပျိုးမှုမရှိပဲ လူတစ်စု၏ ကိုယ်ကျိုး စီးပွားအတွက် အသုံးချသွားမှုကြောင့်ဖြစ်သည်။ ကျေးရွာတွင် အစိုးရထံမှ အစုအဖွဲ့ ပိုင်သစ်တော တည်ထောင်ခွင့်လက်မှတ် ရရှိထားသော်လည်း သက်ဆိုင်ရာအဖွဲ့ အစည်းများ၏ ပံ့ပိုးကူညီမှုမရရှိသေးသဖြင့် စိုက်ပျိုးထိန်းသိမ်းကာကွယ်မှု အားနည်း နေသေးသည်ကို တွေ့ရပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများနှင့် ဖောက်ဖျက်ကြူးလွန်သူများကို ထိရောက်သောအရေးယူမှုများ ပြုလုပ်သင့်ပေသည်။ သို့မှသာ သဘာဝအရင်းအမြစ်များ ဆုံးရှုံးမှုကို ကာကွယ်နိုင်ပြီး ရာသီဥတုဖောက်ပြန်မှုမှလည်း ကာကွယ်နိုင်ပေမည်။

ဂွမြို့နယ်သည် ကမ်းရိုးတန်းဒေသဖြစ်သောကြောင့် မုန်တိုင်းများမကြာခဏ ကျရောက်တတ်ပါသည်။ ၁၉၈၂ခုနှစ်မှ ၂၀၀၄ခုနှစ်တို့တွင် မုန်တိုင်းများ ကျရောက် ခဲ့ပါသည်။ မုန်တိုင်းကျရောက်ပါက ဤကျေးရွာသည် အမြဲတမ်း ပါဝင်လျှက်ရှိသည်။ ဤကျေးရွာသည် အခြားရွာများနှင့်နှိုင်းယှဉ်ပါက ပထဝီအနေအထားအရ ပေ (၂၀) နိမ့်ကျလျှက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့ပါ၍ မုန်တိုင်းကျရောက်လာပါက ခိုလှုံနိုင်ရန်အဆောက်အဦးမရှိပါ၍ မုန်တိုင်းဒဏ်ကို ခံစားကြရသည်။ မုန်တိုင်းဒဏ်မှ

ကာကွယ်နိုင်ရန် အဆောက်အဦး ဆောက်လုပ်နိုင်မည်ဆိုပါက ကျေးရွာတွင် ကျရောက် တတ်သော သဘာဝဘေးအန္တရာယ်အား ကာကွယ်နိုင်မည်ဖြစ်ပါ သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၆၇ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲ ကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာမှ ငွေတိုးချေးသူများ ထံမှလည်း အတိုးနှုန်းကြီးစွာ ချေးယူရခြင်း၊ (ပက်မြန်မာ) ငွေစုငွေချေးအဖွဲ့မှလည်း ချေးယူကြရပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြား ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သောဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ အားလုံးသည်အကြွေး ယူထားကြပြီး အကြွေးငွေ ၂၀၀၀၀၀ ကျပ်မှ (၇၀) သိန်း အထိချေးယူထားကြောင်း တွေ့ရှိရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်း(၃)ကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲများရှိပါသည်။ မူလတန်းကျောင်းများမှာ အလျား၄၀ ပေ၊ အနံ၃၀ပေ၊ အမြင့်၂၀ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေ အခင်းကျောင်းဆောင်၊ အထက်တန်းကျောင်းဆောင်မှာ အလျား၁၈၀ပေ၊ အနံ၃၀ပေ နှင့်အမြင့်၁၈ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားနိုင်ပါသည်။ ရွာသားအားလုံးမှာရေးတတ်ဖတ်တတ်ကြပြီး မူလတန်းအောင် ရာခိုင်နှုန်းမှာ မြင့်မားသည်။ ကျောင်းတွင် ပရိဘောဂတို့လုံလောက်မှုရှိပြီး မူလတန်းပြ ဆရာ/မ (၁၆) ဦး၊ အလယ်တန်းတွင် ဆရာ/မ (၁၃)၊ အထက်တန်းတွင်(၆)ဦး စုစုပေါင်း (၃၅) ဦးရှိသည်။ အထက်တန်းနှင့် အလယ်တန်းတွင် လစ်လပ် တစ်နေရာစီရှိနေပြီး ဖြည့်ဆည်းပေးမှု မရှိသေးသည်ကိုလည်း တွေ့ရပါသည်။

ကျေးရွာတွင် သားဖွားဆရာမတစ်ဦးသာရှိ၍ ကျန်းမာရေးစောင့်ရှောက်မှု အလွန်အားနည်းနေသည်ကို တွေ့ရပါသည်။ ကျေးရွာသူ/သားများ၏ ကျန်းမာရေး အတွက် ရွာနှင့် (၄)မိုင်ဝေးသော တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသ ရသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် လက်ငင်ရေတွင်း၊ လက်နှိပ်တုံကင်များကို သုံးစွဲကြပါသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြပြီး ဆင်းရဲသောအိမ်ထောင်စုအနည်းငယ်သာ တောထိုင်စနစ်ကိုသုံးနေဂသေးကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ယင်ကြောင့် ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုများ မရှိသော်လည်း ကျန်းမာရေးဆိုင်ရာဗဟုသုတများ လိုအပ်နေသေးကြောင်း တွေ့ရပါ သည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့် ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် အစိုးရအဝေးပြေးလမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် ထိုလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ရွာတွင်းလမ်းများမှာ မြေသားလမ်းသာဖြစ်သည်။ နိုင်ငံတော်မှကူညီပေးသည့်ငွေကြေးဖြင့် ခင်းထားသောလမ်းတို (၅) လမ်း ပေအရှည် (၂၅၀၀) ခန့်နှင့် ကိုယ်ထူကိုယ်ထခင်းထားသော လမ်းတို (၃) လမ်းပေအရှည် (၁၂၀၀) ခန့်တို့ကို ကျောက်ချောလမ်း ခင်းထားနိုင်သည်ကိုတွေ့ရပါသည်။ လမ်းပန်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၂၇၆)စီး၊ ဓါတ်မီးခွဲကား (၉) စီး၊ စက်ဘီး (၃၀၀) စီး၊ ကုန်ကား(၂၁) စီး၊ ထော်လာဂျီ (၁၂) စီးတို့ကို အသုံးပြုလျှက်ရှိသည်။

ကျေးရွာတွင်တစ်ရွာလုံး ဖုန်းများကို အသုံးပြုနိုင်ကြပြီး အခြား လုပ်ငန်း များလည်း ဆက်သွယ်လုပ်ကိုင်နိုင်ကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် ပုဂ္ဂလိက လျှပ်စစ်မီး၊ ဆိုလာမီးကို အဆင်ပြေသူ အိမ်ထောင်စုများသုံးနိုင်ကြပြီး အဆင်မပြေသူ အိမ်ထောင်စုများမှာ ဖယောင်းတိုင်ကိုသာ ယခုအချိန်ထိ သုံးနေ ရသေးကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် စာကြည့်တိုက်တစ်ခုရှိသော်လည်း စာဖတ်မည့်သူမရှိ၍ လည်ပတ်မှုမရှိပဲ ရပ်ဆိုင်းနေသည်ကို တွေ့ရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်း ဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များ အတွက်လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံးပြု နိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထား သူမရှိသလောက်ပင်ဖြစ်သည်။ ရွာသား များသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါး ခြင်းနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် ပညာတတ်လူငယ်များပေါများသောကြောင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးနိုင်ပါက လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါသည်။ ကျန်းမာရေးဌာန၏ ဖော်ပြချက်အရ ယေဘုယျအားဖြင့် ကျန်းမာရေးကောင်းသည်ဟု ဆိုနိုင်ပါသည်။ ဆေးကုသမှုခံယူရန် လိုအပ်လာပါကလည်း ဆပ်သွားတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသနိုင်ပါသည်။

ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးဧက (၁၀၅၇.၁၄) ဧကရှိပြီး မိုးစပါး တစ်ခုတည်းသာ စိုက်ပျိုးနိုင်ပါသည်။ အကယ်၍ တစ်ဖက်ဆည်ကန်တစ်ခု တည်ဆောက်ပေးနိုင်ပါက နွေစပါးကိုပါ စိုက်ပျိုးနိုင်ပြီး သီးနှံထုတ်လုပ်မှု (၂) ဆ တိုးလာမည်ဖြစ်သည်။ နွေရာသီသောက်သုံးရေအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပေမည်။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိနိုင်ပါက လျှပ်စစ်မီးများသုံးလာနိုင်သဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်သည့် အပြင်ကျောင်းသူ/သားများ၏ ဘဝတိုးတက်မြင့်မားလာပေမည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူး သဖြင့်ကြက်နှင့် ဝက်ကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော်မွေးကု ဦးစီးဌာမှ လိုအပ်သောနည်းပညာ ပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်းတိုးမြှင့် ဆောင်ရွက်ပေး ရန်လိုအပ်သည်။ ဒေသထွက်ကုန်အမျိုးမျိုးတို့ကို တိုင်းနှင့်ပြည်နယ်ဆက်သွယ်ထား သော လမ်းမကြီးမှတဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနိုင်ပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း ဈေးကွက်ရရှိရန်အတွက် မိုင်(၆၀၀)ကျော်ဝေးသော ရန်ကုန်မြို့ထိ သွားရောက်နေရသဖြင့် လတ်တလောအခြေအနေမှာ ဈေးကွက်အလှမ်းကွာဝေးသည်ဟု ဆိုနိုင်ပါသည်။ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုမရှိခြင်း၊ အတိုးနှုန်းသက်သာသော ချေးငွေရရှိနိုင်မှုမရှိခြင်း၊ အိမ်တွင်းမှုထုတ်ကုန်မှာ အကြီးစားဈေးကွက်မရှိခြင်းတို့ကြောင့် ပုံမှန်ဝင်ငွေရရှိမှု နည်းပါးကြပါသည်။

ကျေးရွာသူ/သားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကို စီးပွားဖြစ်ထွန်းအောင်လုပ်ကိုင်ချင်ကြသော်လည်း ဈေးကွက်လက်လှမ်းမှီရန် ချိတ်ဆက်နိုင်မှုအားနည်းခြင်း၊ နည်းပညာပိုင်းအားနည်းခြင်း၊ ရင်းနှီးမြှုပ်နှံရန် ငွေကြေးလုံလောက်မှုမရှိ ခြင်းတို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော အဟန့်အတားစိန်ခေါ်မှုများဖြစ်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လူမှုဘဝမြှင့်တင်ရာတွင် အထောက်အပံ့ဖြစ်သော သောက်သုံးရေ၊ ပညာရေး၊ လမ်းတံတားနှင့် လျှပ်စစ်မီး များရရှိလာစေရမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးနှင့် ကျမ်းမာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် လမ်းတံတားများကောင်းမွန်ခြင်းမှတဆင့် ကျေးလက်မှသည် မြို့ပြဆီသို့ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ-၁) ကျေးရွာတွင် ရွာတွင်းလမ်းများ ကျောက်ချောခင်း၊ တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းစသော လုပ်ငန်းများဖြင့် ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်။

ခ-၂) ကျေးရွာတွင် အ.ထ.ကခွဲကျောင်းအား အစိုးရအထက်တန်းကျောင်းအဖြစ်တိုးမြင့်ဆောင်ရွက်ခြင်း၊ မဟာဓာတ်အားလိုင်းမှ မီးရရှိအောင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆေးပေးခန်းရရှိအောင်ဆောင်ရွက်ခြင်း၊ နှစ်စဉ်အတိုးနှုန်းသက်သာသောချေးငွေများရရှိနိုင်အောင်ဆောင်ရွက်ခြင်းများဖြင့် ကျေးရွာကို ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်သွားမည်။

ခ.၃) ကျေးရွာတွင် တစ်ဖက်ဆည်ကန်တစ်ခု တည်ဆောက်ပြီး နွေစပါးစိုက်ပျိုးကာလယ်ယာထုတ်ကုန်ကို (၂) ဆတိုးစေခြင်း၊ လယ်ယာသုံးစက်ကိရိယာများကိုအရစ်ကျနှင့် ရရှိအောင်ဆောင်ရွက်ပြီး ကျေးရွာ၏ စိုက်ပျိုးရေးကို ပိုမိုလုပ်ကိုင်လာနိုင်အောင် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် စက်ရုံအလုပ်ရုံများ ပေါ်ပေါက်လာအောင် နိုင်ငံတော်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကွန်ပျူတာသင်တန်းစသော နည်းပညာများရရှိအောင်သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့် ထိပ့်ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) စိုက်ပျိုးရေးနည်းပညာများအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မြေပဲကိုပါ သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ သမရိုးကျသဘာဝအတိုင်း စိုက်ပျိုးရခြင်းကြောင့် သီးနှံအထွက်နှုန်း လျော့နည်းခြင်းနှင့်

ကြုံတွေ့ရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာများကို နိုင်ငံတော်၏ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသင့်ပါသည်။

**(ခ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန်စနစ်များ ပြောင်းလဲချမှတ်သင့် သည်။ အထူးသဖြင့် လယ်သမားများ၊ မွေးမြူရေးလုပ်ကိုင်လိုသူများ နှင့် ဈေးရောင်း စသည့် စိုက်ပျိုးမွေးမြူရေး မလုပ်ကြသော ဝင်ငွေရ လုပ်ငန်းများအတွက် အတိုးနှုန်း သက်သာသည့် ငွေစုငွေချေးအဖွဲ့များနှင့် ချိတ်ဆက်ပေးသင့်ပါ သည်။

**(ဂ) ဒေသနှင့် ကိုက်ညီသော လုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် ရာသီချိန်လုပ်ငန်းကိုသာ မှီခိုနေရပြီး နေ့စဉ်ပုံမှန်ဝင်ငွေရ လုပ်ငန်းများ မရှိခြင်းကြောင့် အထူးသဖြင့် ဆင်းရဲသား လက်လုပ်လက်စား ကျလမ်းလုပ်ကိုင်သူ များအတွက်ဒေသနှင့်ကိုက်ညီသော အသေးစားစက်မှုလုပ်ငန်း များကိုထူထောင်ပေးခြင်း၊ ကမ်းခြေဒေသဖြစ်သဖြင့် ခရီးသွားလုပ်ငန်းများ ရရှိအောင် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသင့်ပါသည်။

## ၈။ စီမံကိန်း စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

ကျွန်တော်တို့ကျေးရွာ၏ စီမံချက်များသည် အကောင်အထည် ဖော်မည့်ဗျူဟာ များကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နိုင်လည်နိုင်စေမည့် ဖော်ထုတ် ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလ အတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ကျေးရွာတွင် လိုအပ်ချက်များကို တင်ပြတောင်းဆိုထားသော စီမံချက်များထဲတွင် ငါးနှစ်တာကာလအတွက် မဲစနစ်ဖြင့် ဦးစားပေး ရွေးချယ် ခဲ့ကြသော စီမံချက်များသည် ကျေးရွာတွင်လိုအပ်သော အဓိကလိုအပ်ချက် များကို ရွေးချယ်တင်ပြထား ခြင်းဖြစ်ပါသည်။ ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း တဆက်တည်း ရွေးချယ်

ထားပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို တိုးမြင့်ဆောင်ရွက်သွားကြပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စု ခွဲခြားခြင်း**

စီမံကိန်းစီမံချက်နှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိပ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီပွားရေးအကျိုးပြုဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှု ဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စု သတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်း တို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြား များကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ် ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည် မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သစ်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်း အဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့ စီမံ ချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြား အေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက် လုပ်ငန်းများမှ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ

| ကဏ္ဍ/အကြောင်းအရာ | အဆိုပြုစီမံချက် | ဦးစားပေး အဆင့် | ရမှတ် | မှတ်ချက် |
|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေး | ရွာတွင်းလမ်းအားကျောက်ချောခင်းခြင်း | ၁ | ၁၀၀ | |
| လမ်းတံတားကောင်းမွန်ရေး | တံတားအားသံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးခြင်း | ၁ | ၁၀၀ | |
| မီးလင်းရေး | ၂၄နာရီမီးလင်းအောင်ဆောင် ရွက်ပေးခြင်း | ၂ | ၉၀ | |
| လူငယ်နှင့်အားကစား | အားကစားကွင်းအဆောက်အဦး ဆောက်ပေးခြင်း | ၃ | ၇၀ | |
| ပညာရေး | အစိုးရအထက်တန်းအဖြစ်အဆင့်မြှင့်တင်ပေး ခြင်း | ၁ | ၁၀၀ | |
| စိုက်မွေးမဟုတ်သောအသက် မွေးလုပ်ငန်းများ | ဒေသနှင့်ကိုက်ညီသောအလုပ်ရုံစက်ရုံများဖန်တီးပေးစေလို ခြင်း | ၅ | ၄၀ | |
| မွေးမြူရေး | မွေးမြူရေးနှင့်ပတ်သက်သော နည်းပညာဝန်ဆောင်မှုပေးခြင်း | ၅ | ၄၀ | |
| စိုက်ပျိုးရေး | စိုက်ပျိုးရေးနှင့်ပတ်သက်သောနည်းပညာဝန်ဆောင်မှုပေး ခြင်း | ၃ | ၇၀ | |
| စိုက်ပျိုးရေး | ခေတ်မီလယ်ယာသုံးစက်ကိရိယာများချပေးခြင်း | ၂ | ၉၀ | |

| | | | | |
|---|---|---|---|---|
| ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ပေးခြင်း | ၂ | ၉၀ | |
| လူသားချင်းစာနာထောက်ထားမှု | အရက်မူးရစ်ကင်းစင်ဖို့ဖြစ်အောင်ဆောင်ရွက်ပေးခြင်း | ၅ | ၄၀ | |
| အသက်မွေးဝမ်းကျောင်းသင်တန်း | ကွန်ပျူတာသင်တန်းကျောင်းဖွင့်လှစ်ပေးခြင်း | ၄ | ၆၀ | |
| လူသားချင်းစာနာထောက်ထားမှု | သဘာဝဘေးဒဏ်ခိုလှုံရန်အဆောက်အဦးဆောက်လုပ်ပေးခြင်း | ၃ | ၇၀ | |
| ပညာရေး | ပညာရေးဝန်ထမ်းနေထိုင်ရန်အိမ်ယာဆောက်ပေးခြင်း | ၄ | ၆၀ | |
| ရေပေးရေး | တစ်ဖက်ဆည်ကန်ဆောက်ပေးခြင်း | ၄ | ၆၀ | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလကို စီမံချက်လုပ်ငန်းများ ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုပေါ်မူတည်ပြီး နှစ်စဉ်ပြုပြင်ရေးဆွဲမည်ဖြစ်ပြီး လက်ရှိအနေဖြင့်ရေးဆွဲ ထားသောစီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | အဆိုပြုစီမံချက် | ဦးစားပေးအဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းအားကျောက်ချောခင်းခြင်း | ၁ | √ | | | | |
| ၂ | တံတားအားသံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးခြင်း | ၁ | √ | | | | |
